ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၁၈ / ၂၀၂၂ )

| | |
|---|---|
| ဦးဆန္ဒအောင် ( Vice President ) ( အလုပ်သမား )<br>အမှတ်(၇၉၇)၊ (၄၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊<br>ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉ - ၉၈၃ ၅၃၃ ၄၁၀ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| ဦးမျိုးသက်နိုင် ( အလုပ်ရှင် )<br>မြန်မာ့ရှေ့ဆောင်ဘဏ်<br>ဒေါ်ဥမ္မာမြင့် ( Executive Vice President )<br>( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )<br>သိမ်ဖြူလမ်း၊ အလယ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်။<br>၀၉ - ၄၂၀ ၀၂၃ ၅၃၂ | တောင်းဆိုခြင်းခံရသူ |

ရက် စွဲ ။ ၂၀၂၂ ခု နှစ် ၊ မေ လ ၂၄ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အလယ်ဘလောက်၊ သိမ်ဖြူလမ်းရှိ ဦးမျိုးသက်နိုင် (အလုပ်ရှင်)၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ဥမ္မာမြင့် ( Executive Vice President )နှင့် အလုပ်သမား ဦးဆန္ဒအောင်( Vice President )တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ဗိုလ်တထောင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှလွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် မြန်မာ့ရှေ့ဆောင်ဘဏ် Deputy Chief Operating Officer ဦးမျိုးသက်နိုင်နှင့် ဦးဆန္ဒအောင် ( Vice President - 4 )တို့အကြား (၁၂-၅-၂၀၂၁)ရက်နေ့မှစ၍ (၂၃-၉-၂၀၂၁)ရက်နေ့အထိ ခွင့်မဲ့ပျက်ကွက်ခြင်း၊ ဘဏ်မှသတ်မှတ်ပြဋ္ဌာန်းထားသော ဝန်ထမ်းများ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရန် ပျက်ကွက်ခြင်းတို့ကြောင့် အလုပ်မှ ရပ်စဲလိုက်ခြင်းအပေါ် ဦးဆန္ဒအောင် ( Vice President - 4 )မှ ကျေနပ်မှုမရှိ၍ ဗိုလ်တထောင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားလာခြင်းအပေါ် (၁၄-၃-၂၀၂၂) ရက်နေ့၊ (၂၄-၃-၂၀၂၂)ရက်နေ့နှင့် (၂၈-၃-၂၀၂၂)ရက်နေ့တို့တွင် (၃)ကြိမ်တိုင်တိုင် ညှိနှိုင်းဖျန်ဖြေပေးခဲ့သော်လည်း ပြေလည်မှုမရရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်ခံယူရန် လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**ကောက်ချက်** ။ တောင်းဆိုသူ အလုပ်သမား **ဦးဆန္ဒအောင်** ( Vice President - 4 )အား အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် ဦးဆန္ဒအောင်တို့အကြား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ( EC စာချုပ် )ချုပ်ဆိုထားသော်လည်း သက်တမ်းကုန်နေပြီဖြစ်ကြောင်း တွေ့ရှိရသည်။ မည်သည့်အတွက်ကြောင့် အလုပ်တွင်ပျက်ကွက်ကြောင်း အကြောင်းကြားခဲ့သော်လည်း ပျက်ကွက်မှုအား ရက်အတိအကျ တင်ပြခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။

၅။ ဦးဆန္ဒအောင်မှ တင်ပြရာတွင် (၉-၄-၂၀၂၁) ရက်နေ့ထိ Work from home အဖြစ် အလုပ်လုပ်ကိုင်ခဲ့ပြီး (၁၀-၄-၂၀၂၁)ရက်နေ့တွင် သန်လျင်နေအိမ်မှ ဈေးဝယ်ထွက်ရင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မှားယွင်းဖမ်းဆီးခြင်းခံရပြီး (၁၂-၄-၂၀၂၁)ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ခံရကြောင်း၊ (၁၉-၄-၂၀၂၁)ရက်နေ့တွင် Senior Vice President ဦးတင့်လွင်အောင်ထံ ဖမ်းဆီးခံရခြင်းနှင့်ပတ်သက်၍ အကြောင်းကြားခဲ့ပါကြောင်း၊ အင်းစိန်အကျဉ်းထောင်မှ (၁၉-၁၀-၂၀၂၁) ရက်နေ့တွင် လွတ်မြောက်ပြီးနောက် ဦးတင့်လွင်အောင်ထံ ဖုန်းဖြင့်ဆက်သွယ်ခဲ့ရာ HR ဌာနထံဆက်သွယ်ရန် ညွှန်ကြားခဲ့ရာ (၂၈-၁၀-၂၀၂၁) ရက်နေ့သွားရောက်မှ အလုပ်မှ ရပ်စဲခံရခြင်းအား သိရှိခဲ့ရပါကြောင်း၊ မိမိဖမ်းဆီးခံရခြင်းအား ဘဏ်သို့အကြောင်းကြားခဲ့မှုကို လစ်လျူရှုပြီး သက်ဆိုင်ရာမှ အပြစ်မရှိကြောင်း စစ်ဆေးတွေ့ရှိ၍ ပြန်လည်လွှတ်ပေးလိုက်သည့် ကာလတွင် ခွင့်မဲ့ပျက်ကွက်မှုဖြင့် အလုပ်ရပ်စဲခြင်းသည် ကျိုးကြောင်းစီလျော်မှု မရှိပါသဖြင့် နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှုနစ်နာကြေးရလိုကြောင်း တင်ပြထွက်ဆိုထားပါသည်။

၆။ အလုပ်ရှင်၏အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါက်တာဥမ္မာမြင့်မှ တင်ပြရာတွင် ဌာနအကြီးအကဲ၊ တာဝန်ခံများ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အကြောင်းမဲ့ ခွင့်မဲ့တစ်ဆက်

တည်း (၃)ရက် ပျက်ကွက်ခြင်း သို့မဟုတ် ခွင့်မဲ့အလီလီ (၅)ရက် ပျက်ကွက်ခြင်း မပြုရန်နှင့် ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ဖမ်းဆီးခံရခြင်း၊ တရားစွဲဆိုခံရပြီး ပြစ်ဒဏ်စီရင်ခံရခြင်းများကြောင့် HR ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ (၂၃-၉-၂၀၂၁)ရက်နေ့တွင် ခွင့်မဲ့ (၅)လကြာပြီးမှသာ အလုပ်ရပ်စဲစာထုတ်ပြန်ခဲ့ကြောင်း၊ ဦးဆန္ဒအောင်ဖမ်းဆီးခံရကြောင်းအား HR ဌာနသို့ (၂၆-၄-၂၀၂၁)ရက်နေ့မှ ဦးဆန္ဒအောင်၏အထက်အရာရှိက e-mail ဖြင့် အကြောင်းကြားမှသိရကြောင်း၊ ဝန်ထမ်းများကို အလွယ်တကူ အလုပ်မထုတ်ပါကြောင်း၊ ဦးဆန္ဒအောင်အားအလုပ်ရပ်စဲခဲ့ခြင်းအပေါ် မည်သည့်နစ်နာကြေး တစ်စုံတစ်ရာမှ မပေးနိုင်ကြောင်း တင်ပြထွက်ဆိုထားပါသည်။

**သုံးသပ်ချက်**

၇။ ယခုအမှုတွင် ဦးဆန္ဒအောင်သည် ၎င်းအား မှားယွင်းစွာဖမ်းခံရခြင်းကို ဘဏ်သို့အကြောင်းကြားခဲ့သော်လည်း ကူညီဆောင်ရွက်ပေးမှုမရှိဘဲ လစ်လျူရှုထားသည့်အတွက်ကြောင့်လည်းကောင်း၊ ဘဏ်မှ ရုံးအမိန့်စာအမှတ်(၈၇၇/၂၀၂၁)ဖြင့် (၂၃-၉-၂၀၂၁)ရက်နေ့တွင်ထုတ်ပြန်သည့် အလုပ်ရပ်စဲစာပါ " (၁၂-၄-၂၀၂၁) ရက်နေ့မှစ၍ ဘဏ်ဝန်ထမ်းအဖြစ်မှရပ်စဲလိုက်သည် " စာအရေးအသားကြောင့် ဦးဆန္ဒအောင်မှ ယခုလိုတိုင်တန်း၍ နစ်နာကြေးတောင်းခြင်းဖြစ်နိုင်ကြောင်း သုံးသပ်သည်။

၈။ ဦးဆန္ဒအောင် ဖမ်းဆီးခံရသောနေ့သည် (၁၀-၄-၂၀၂၁)ရက်နေ့၊ စနေနေ့ဖြစ်ပြီး (၁၁-၄-၂၀၂၁) ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်၍ ဘဏ်ပိတ်ရက် (၂)ရက်ဖြစ်ပြီး (၁၂-၄-၂၀၂၁) ရက်နေ့သည် တနင်္လာနေ့ဖြစ်သည့်အတွက် ရုံးအမိန့်စာပါ (၁၂-၄-၂၀၂၁) ရက်နေ့မှစ၍ ခွင့်မဲ့ပျက်ကွက်ဖြင့် အလုပ်ထုတ်ပါက (၁၂-၄-၂၀၂၁) ရက်နေ့ တစ်ရက်တည်းသာ ခွင့်မဲ့ဖြစ်သည့် သဘောဖြစ်နေသည်။ သို့သော် အလုပ်ရပ်စဲစာအား (၂၃-၉-၂၀၂၁)ရက်နေ့၊ (၅)လကျော်ကြာမှ ထုတ်ပြန်ခဲ့သည့်အတွက် ရုံးအမိန့်စာပါ ရေးသားမှု လိုအပ်ခြင်းဖြစ်ကြောင်း သုံးသပ်သည်။

၉။ ဦးဆန္ဒအောင်အား အလုပ်မှရပ်စဲရသည့်အကြောင်းမှာ (၁၂-၄-၂၀၂၁)ရက်နေ့မှစ၍ ခွင့်မဲ့ပျက်ကွက်ခဲ့ကြောင်း၊ ၎င်းအား အလုပ်ရပ်စဲအမိန့်ကို (၅)လကျော်ပြီးမှ (၂၃-၉-၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် အလုပ်ရပ်စဲရသည့်အကြောင်း လုံလောက်မှုရှိကြောင်းတွေ့ရှိရသည်။ ထို့ပြင် ဦးဆန္ဒအောင် ပြစ်မှုဆိုင်ရာ ဥပဒေအရ ဖမ်းဆီးခံရခြင်းသည် အလုပ်ရပ်စဲမှုဆိုင်ရာသဘောတူစာချုပ်အရ ကြီးလေးသောပြစ်မှုမြောက်၍ အလုပ်ရပ်စဲမှုအတွက် ခိုင်လုံသောအကြောင်းပြချက်ဖြစ်ပြီး နစ်နာကြေးပေးရန် မလိုကြောင်း သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက် ။ တောင်းဆိုသူ အလုပ်သမား ဦးဆန္ဒအောင် ( Vice President - 4 )အား အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကောသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိဦး)
အဖွဲ့ဝင်

(ကျင်ဒေအား)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်